# ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

crph.official.mm@mail.com

# ကြားကာလ ပြည်သူ့အုပ်ချုပ်ရေးအစီအစဉ်

ရက်စွဲ။ ။ ဖေဖော်ဝါရီလ၊ ၂၂ ရက်၊ ၂၀၂၁။

အခန်း (၁)

**နိဒါန်း**

ယနေ့ နိုင်ငံတော်အခြေအနေ နှင့် အုပ်ချုပ်ရေးလိုအပ်ချက်

၁။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲ ရလဒ်ထွက်လာပြီးနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၈၂ ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ရရှိခဲ့ပြီဖြစ်သည်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာခဲ့ပြီးဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အနိုင်ရရှိခဲ့ခြင်းကို လက်မခံနိုင်သော စစ်တပ်ခေါင်းဆောင်တစ်စုက မဲစာရင်းများယွင်းခြင်းကြောင့် မဲမသမာမှုဖြစ်နိုင်သည်ဟူသော ကြောင်းကျိုးဆီလျော်မှုမရှိသည့် အကြောင်းပြချက်ဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) ခုနှစ် နှင့်သော်လည်းကောင်း၊ အခြား ဥပဒေများနှင့်သော်လည်းကောင်း ညီညွတ် ခြင်းမရှိဘဲ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို သိမ်းယူခဲ့သည်။

၂။ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် သိမ်းယူပြီးနောက်တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရခေါင်းဆောင်များ၊ ဒီမိုကရေစီအရေး တက်ကြွသူများ နှင့် အရပ်သားပြည်သူများကို ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ထိုသို့ ဥပဒေမဲ့ ပြုကျင့်သည့် စစ်ခေါင်းဆောင်များ၏ လုပ်ရပ်ကို နိုင်ငံတစ်ဝှမ်းလုံးရှိ ပြည်သူများက တစ်ခဲနက် ဆန့်ကျင်လျက်ရှိကြသည်။ နိုင်ငံတော်၏ ပင်မကျောရိုးဖြစ်သော ဆရာဝန်များ၊ သူနာပြုများ၊ မီးသတ်ဝန်ထမ်းများ အစရှိသည့် ကဏ္ဍစုံ၊ အလွှာစုံတို့မှ ဝန်ထမ်းများသည် ပြည်သူများ၏ အာဏာဖီဆန်ရေးလှုပ်ရှားမှု (Civil Disobedience Movement) တွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။

၃။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အာဏာသိမ်း စစ်အုပ်စုသည် အကျဉ်းထောင်အသီးသီးမှ ရာဇဝတ်သားများကို လွှတ်ပေးကာ အများပြည်သူတို့၏ လုံခြုံရေး နှင့် တည်ငြိမ်ရေးတို့ကို ခြိမ်းခြောက်ခဲ့သည်။ သို့ဖြစ်ရာ ပြည်သူများသည် ရပ်ကွက်။ကျေးရွာ တစ်ခုချင်းစီအလိုက် လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းကာ မိမိတို့၏ လုံခြုံရေးကို မိမိတို့ကိုယ်တိုင် ပြန်လည်ကာကွယ်နေရသော အချိန်လည်းဖြစ်သည်။ အာဏာသိမ်းစစ်အုပ်စုသည် ပြည်သူတို့၏ လုံခြုံရေး နှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဆောင်ရွက်ပေးနိုင်ခြင်း မရှိတော့ပါ။

၄။ ထို့ကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို အဓမ္မနည်းဖြင့် သိမ်းယူထားသော စစ်အုပ်စု၏ ပြည်သူလူထုအပေါ် ခြိမ်းခြောက်မှုများကို တုံ့ပြန်ရန်အတွက်လည်းကောင်း၊ စစ်အုပ်စု၏ အထောက်အပံ့ဖြင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့အား နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည့် မသမာသူများ ၏ ရန်မှ ကာကွယ်ရန်အတွက်လည်းကောင်း၊ ပြည်သူများ၏ အာဏာဖီဆန်ရေးလှုပ်ရှားမှုများကို အရှိန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း ပြည်သူ့အုပ်ချုပ်ရေးအစီအစဉ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါသည်။

**ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ**

သို့ဖြစ်ပါ၍ ရပ်ကွက်။ကျေးရွာအုပ်စု အလိုက် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့တစ်ခု ဖွဲ့စည်းကာ အများပြည်သူတို့၏ လုံခြုံရေး နှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၁။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို အဓမ္မနည်းများဖြင့် သိမ်းယူခဲ့သော စစ်အုပ်စု၏ အမိန့်များ၊ ညွှန်ကြားချက်များကို ပြည်သူများက တစ်ခဲနက် ဆန့်ကျင်လျက်ရှိပြီး၊ နိုင်ငံတော် နှင့် အများပြည်သူတို့၏ လုံခြုံရေး၊ ရပ်ရွာအေး ချမ်းသာယာရေးတို့အတွက် စစ်အုပ်စုက တာဝန်ယူဆောင်ရွက်နိုင်ခြင်း မရှိတော့သည့်အတွက် ဖြစ်ပေါ်လာသည့် အာဏာလေဟာနယ်ကို ကြားကာလ ပြည်သူ့အုပ်ချုပ်ရေးအစီအစဉ်အရ ဖြည့်ဆည်း ဆောင်ရွက်သွားရန်

၂။ ကြားကာလပြည်သူ့အုပ်ချုပ်ရေးအစီအစဉ်အရ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းကာ အများပြည်သူ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ပြည်သူများ၏ စုပေါင်းအင်အားဖြင့် ဖော်ဆောင်သွားရန်

၃။ စစ်အုပ်စု၏ အထောက်အပံ့များဖြင့် လှုပ်ရှားဆောင်ရွက်လျက်ရှိသည့် မသမာသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်ရန်

၄။ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် သိမ်းယူခဲ့သော စစ်အုပ်စု၏ လုပ်ဆောင်ချက်များ၊ အမိန့်၊ ညွှန်ကြားချက်များကို ဗီဆန်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများ ပြည်သူများ၏ လုံခြုံရေး၊ ကျန်းမာရေး၊ သာယာဝပြောရေး တို့အတွက် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်သွားရန်

၅။ Civil Disobedience Movement (CDM) တွင် ပါဝင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအား ကူညီကာကွယ်ပေးရန်

၆။ မြို့ပြများ နှင့် အခြားဒေသများတွင် ဖြစ်ပေါ်လာနိုင်သည့် ရာဇဝတ်မှုများ၊ မတရားဖမ်းဆီးချုပ်နှောင်မှုများ၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ခြိမ်းခြောက်မှုများကို ကာကွယ်တားဆီးရန်

၇။ ပြည်သူများက ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်သော အစိုးရတစ်ရပ် ပေါ်ပေါက်သည့်အထိ အုပ်ချုပ်ရေး နှင့် လုံခြုံရေးတာဝန်များကို ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းကာ ဆောင်ရွက်သွားရန်

## အခန်း (၃)
## ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်

၁။ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့သည် ပြည်သူ့ဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြု ကော်မတီကို တာဝန်ခံရမည်။

၂။ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များကို မြို့နယ်၊ ရပ်ကွက်။ ကျေးရွာအုပ်စုအဆင့်မှ စတင်၍ ဖွဲ့စည်းရမည်။

(က) ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များအား အနည်းဆုံး အဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းရမည်။ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့တွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်သည်။

- (ကက) လွှတ်တော်ကိုယ်စားလှယ်များ
- (ခခ) CDM လှုပ်ရှားမှုတွင် ပါဝင်သော ဝန်ထမ်းများ သို့မဟုတ် ကိုယ်စားလှယ်များ၊ လူငယ်များ
- (ဂဂ) အခြား ပါဝင်သင့် ပါဝင်ထိုက်သူ ရပ်မိရပ်ဖများ

(ခ) မြို့နယ်အဆင့် နှင့် ရပ်ကွက်။ကျေးရွာအဆင့် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် ရပ်ရွာက ယုံကြည်စိတ်ချရပြီး၊ ဒီမိုကရေစီအစိုးရတစ်ရပ် ပေါ်ပေါက်ရေးကို အားပေးထောက်ခံသော ရပ်မိရပ်ဖများ၊ ရပ်ရွာလူထု၏ ဆန္ဒဖြင့် ရွေးချယ်ခံရသော အဖွဲ့ဝင်များပါဝင်ရမည်။

(ဂ) ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ အဆင့်အသီးသီးတို့တွင် စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို စုပေါင်းခေါင်း ဆောင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

## အခန်း (၄)
## ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ

၁။ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များသည် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မတရားသည့် အမိန့်အာဏာများကို ဖီဆန်နေကြသော နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများအား ကူညီကာကွယ်ပေးရေး ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရမည်။

၂။ မြို့နယ်အဆင့် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များသည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီက ဖွဲ့စည်းထားသော ပြန်ကြားရေးနှင့်ပြည်သူ့ရေးရာ ကော်မတီ နှင့် ချိတ်ဆက် ဆောင်ရွက်ရမည်။

၃။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို အဓမ္မနည်းများဖြင့် သိမ်းယူခဲ့သော စစ်အုပ်စု၏ အမိန့်၊ ညွှန်ကြားချက်များကို ပြည်သူလူထု နှင့် ဌာနဆိုင်ရာ အသီးသီးတို့မှ ဝန်ထမ်းများက လိုက်နာဆောင်ရွက် ခြင်းမပြုရန် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့က စည်းရုံးဆောင်ရွက်ရမည်။

၄။ ရပ်ရွာလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များအတွက် နယ်မြေခံရဲတပ်ဖွဲ့ နှင့် ဆက်သွယ် ဆောင်ရွက်ရမည်။ မြို့နယ်ရဲစခန်းများသည် လုံခြုံရေး နှင့် တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များအတွက် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်ဖြင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၅။ Civil Disobedience Movement (CDM) တွင် ပါဝင်သော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လူမှုစီးပွားဆိုင်ရာ အခက်အခဲများ ကြုံတွေ့လာရပါက လိုအပ်သည့် အထောက်အပံ့များအတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၏ ပြန်ကြားရေး နှင့် ပြည်သူ့ရေးရာ ကော်မတီ နှင့် ချိတ်ဆက်ဆောင်ရွက်ရမည်။

၆။ ပြည်သူများ၏ ကျန်းမာရေးအတွက် နယ်မြေအလိုက် အခမဲ့ ဆေးခန်းများ ဖွင့်လှစ်ထားရှိပြီး၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ သူနာပြုများက ကုသမှုပေးနိုင်ရေး ဆောင်ရွက်ရမည်။

၇။ အာဏာသိမ်းစစ်အုပ်စုအား ဆန့်ကျင်ကန့်ကွက်နေသည့် ပြည်သူလူထုအား တတ်နိုင်သမျှ ကူညီထောက်ပံ့ပေးရမည်။

၈။ အာဏာသိမ်းစစ်အုပ်စုအား ဆန့်ကျင်ကန့်ကွက်နေသည့် ဆန္ဒပြမှုများကို အကြမ်းမဖက်ဘဲ၊ ငြိမ်းချမ်းစွာ လုပ်ဆောင်နိုင်ရေး ထိန်းကျောင်းပေးရမည်။

၉။ ရပ်ကွက်၊ ကျေးရွာ အုပ်စုများတွင် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး ဆိုင်ရာ ကိစ္စရပ်များကို ရပ်ရွာနေ ပြည်သူများထံသို့ စဉ်ဆက်မပြတ် သတင်းပေးပို့နေရမည်။

၁၀။ ပြည်သူများ၏ ရွေးကောက်တင်မြှောက်မှုဖြင့် ဖွဲ့စည်းထားသည့် အစိုးရက အတည်ပြုပြဋ္ဌာန်းခဲ့သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုသာ လိုက်နာကျင့်သုံးရမည်။ အာဏာသိမ်း စစ်အုပ်စုက ထုတ်ပြန်သမျှ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ အားလုံးကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီက တရားမဝင်ကြောင်း ကြေညာထားသည့် အတွက် ဆန့်ကျင်ဖီဆန်သွားရမည်။

## အခန်း (၅)
## စည်းကမ်းချက်များ

၁။ ပြည်သူ နှင့် ပြည်သူ့ဝန်ထမ်းများအား မည်သည့် အကြောင်းနှင့်မျှ အကြမ်းဖက်ခြင်း၊ ညှင်းပမ်းနှိပ်စက်ခြင်း မပြုရ။

၂။ ဌာနဆိုင်ရာများသည် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့က ဆောင်ရွက်သော လုံခြုံရေး နှင့် တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လာရန် စည်းရုံးရေးနည်းလမ်း၊ ငြိမ်းချမ်းသည့် နည်းလမ်းများဖြင့် ဆောင်ရွက်ရမည်။

၃။ အာဏာသိမ်း စစ်အုပ်စု၏ အမိန့်၊ ညွှန်ကြားချက်များကိုသာ လိုက်နာဆောင်ရွက်ပြီး၊ ပြည်သူ့အုပ်ချုပ်ရေး အဖွဲ့၏ လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းမရှိသော အဖွဲ့ဝင်ကို ချက်ချင်း ထုတ်ပယ်ရမည်။

၄။ မည်သည့် ကိစ္စရပ်ကိုမျှ လက်နက်အသုံးပြု၍ဖြစ်စေ၊ အကြမ်းဖက်၍ဖြစ်စေ၊ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း နည်းလမ်းများဖြင့်ဖြစ်စေ ဖြေရှင်းဆောင်ရွက်ခြင်း လုံးဝမပြုရ။

၅။ ရဲ တပ်ဖွဲ့ဝင်များ၏ လက်နက်များကို အများပြည်သူ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ရဲတပ်ဖွဲ့ဝင်များမှလွဲ၍ မည်သူမျှ ထိန်းသိမ်းကိုင်ဆောင်ခြင်း မပြုရ။

## အခန်း (၆)
## အထွေထွေ

၁။ ယခု ထုတ်ပြန်လိုက်သည့် ကြားကာလပြည်သူ့အုပ်ချုပ်ရေးအစီအစဉ်မှာ နိုင်ငံတော်၏ အချုပ်အခြာ အာဏာကို အဓမ္မနည်းဖြင့် သိမ်းယူထားသည့် စစ်အုပ်စု အုပ်ချုပ်နေသော အချိန်ကာလအတွက်သာ သက်ရောက်စေရမည်။

၂။ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ၏ လုပ်ငန်းများ အောင်မြင်မှု ရှိလာပါက နိုင်ငံရေးအရ အရေးပါသော ဆုံးဖြတ်ချက်များ လိုအပ်လာမည် ဖြစ်သည်။ ၎င်းလိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီက ပြည်ထောင်စုအစိုးရတစ်ရပ် ဖွဲ့စည်းလာလျှင် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များသည် ၎င်းအစိုးရအဖွဲ့ကိုသာ တာဝန်ခံပူးပေါင်းဆောင်ရွက်ရမည်။

၃။ နိုင်ငံရေးအရ ပြောင်းလဲလာသည့် အခြေအနေ အရပ်ရပ်အရ ကြားကာလ ပြည်သူ့အုပ်ချုပ်ရေးအစီအစဉ် နှင့် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့အစည်းများ နှင့်စပ်လျဉ်းသည့် ပြုပြင်ပြောင်းလဲရမည့် ကိစ္စရပ်များရှိလာပါက ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီက အမိန့်၊ ညွှန်ကြားချက်၊ လမ်းညွှန်ချက်များ ဆက်လက် ထုတ်ပြန်သွားမည် ဖြစ်သည်။